ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

တိုင်းရင်းဆေးပညာဦးစီးဌာန

စာအမှတ်၊ တဆပ/သု-ဖွံ့/၂၀၂၂ ( ၁၃၃၉ )

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဧပြီလ ( ၄ ) ရက်

သို့

--------------------------------------------

--------------------------------------------

--------------------------------------------

--------------------------------------------

အကြောင်းအရာ။ **(၁၁)ကြိမ်မြောက် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲအတွက် စာတမ်း/ပိုစတာများ ဖိတ်ခေါ်ခြင်း။**

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနကကြီးမှူး၍ “(၁၁)ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ”ကို တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး၌ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ လူကြီးမင်းဌာနမှ တိုင်းရင်းဆေးပညာဆိုင်ရာစာတမ်းများ တင်သွင်းဖတ်ကြားနိုင်ပါရန် အသိပေး ဖိတ်ခေါ်အပ်ပါသည်။

၂။ တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲတွင် တင်သွင်းဖတ်ကြားမည့် စာတမ်းရှင်များ အနေဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ဖော်ပြပါ ကဏ္ဍများနှင့် သက်ဆိုင်သည့် သုတေသနစာတမ်းများ ရေးသားပြုစုတင်သွင်းနိုင်ပါသည်။

(က) မြန်မာ့တိုင်းရင်းဆေးပညာ နယကြီးလေးပါးဆိုင်ရာ သုတေသနစာတမ်းနှင့် ပိုစတာများ

(ခ) ဆေးဖက်ဝင်အပင်များဆိုင်ရာ သုတေသနစာတမ်းနှင့်ပိုစတာများ

(ဂ) တိုင်းရင်းဆေးဝါးဆိုင်ရာ သုတေသနစာတမ်းနှင့်ပိုစတာများ

(ဃ) တိုင်းရင်းဆေးဝါးကုန်ကြမ်းဆိုင်ရာ သုတေသသနစာတမ်းနှင့်ပိုစတာများ

(င) ရောဂါကုထုံးဆိုင်ရာ သုတေသနစာတမ်းနှင့်ပိုစတာများ

(စ) မြန်မာ့တိုင်းရင်းဆေးပညာဆိုင်ရာ တီထွင်မှုနှင့် ရှာဖွေတွေ့ရှိမှု သုတေသန စာတမ်းနှင့် ပိုစတာများ

၃။ သို့ဖြစ်ပါ၍ သုတေသနစာတမ်း/ပိုစတာတင်သွင်းရန် စိတ်ပါဝင်စားသူ စာတမ်းရှင်များ အနေဖြင့် မိမိတို့ ပြုစုထားသည့် သုတေသနစာတမ်း/ပိုစတာများကို ပူးတွဲပါပုံစံအတိုင်း စာတမ်းအကျဉ်း (Abstract)နှင့် စာတမ်းအပြည့်အစုံ(Full Paper) တို့ကို (၃၁-၅-၂၀၂၂) ရက်နေ့ (၁၆:၀၀) နာရီ နောက်ဆုံးထား၍ dtmevents2022@gmail.com သို့ email ဖြင့် လည်းကောင်း၊ ကွန်ပျူတာစာစီ Hard Copy (၂)စုံ ကို အတွင်းရေးမှူး၊ သုတေသန စာတမ်းစိစစ်ရွေးချယ်ရေးအဖွဲ့၊ သုတေသနနှင့်ဖွံ့ဖြိုးရေးဌာနခွဲ၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့ လိပ်မူလျက် ပေးပို့ပါရန် အကြောင်းကြား ဖိတ်ခေါ်အပ်ပါသည်။

၄။ စာတမ်း/ပိုစတာ တင်သွင်းသူများအနေဖြင့် မိမိတို့တင်သွင်းလိုသော စာတမ်းအကျဉ်း နှင့် စာတမ်းအပြည့်အစုံအား သတ်မှတ်ရက်အရောက် အချိန်မီ ပေးပို့ရမည်ဖြစ်ပြီး သတ်မှတ် ချိန်ထက်နောက်ကျ၍ ရောက်ရှိလာသော စာတမ်း/ပိုစတာများ၊ အခြားနေရာများ၌ ဖတ်ကြား တင်သွင်းပြီးသော စာတမ်း/ ပိုစတာများအား ဖတ်ကြားတင်သွင်းခွင့်ပြုမည် မဟုတ်ကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို၊ ညွှန်ကြားရေးမှူး (သုတေသနနှင့် ဖွံ့ဖြိုးရေး) ဖုန်း-၀၆၇-၄၃၁၀၉၀၊ ဒုတိယညွှန်ကြားရေးမှူး(သုတေသန) ဖုန်း-၀၆၇-၄၃၁၃၃၄၊ ဒုတိယညွှန်ကြားရေးမှူး(ဖွံ့ဖြိုးရေး) ဖုန်း-၀၆၇-၄၃၁၁၄၉ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။ စာတမ်းများနှင့် ပတ်သက်သော အချက်အလက်များနှင့် စာတမ်းရှင် များ သိရှိလိုက်နာရမည့်အချက်များ (Instructions to Authors)အား သိရှိနိုင်ရန် ပူးတွဲ ပေးပို့အပ်ပါသည်။

6.4.2022

(ဒေါက်တာစုစုဒွေး)

ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို -

၁။ ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန

၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန

၃။ ညွှန်ကြားရေးမှူးများအားလုံး၊ တိုင်းရင်းဆေးပညာဦးစီးဌာန

၄။ ရုံးလက်ခံ/ မျှောစာတွဲ

## စာတမ်းရှင်များ သိရှိလိုက်နာရမည့်အချက်များ (Instructions to Authors)

### ၁။ စာတမ်းအကျဉ်း(Abstract)

စာတမ်းအကျဉ်းသည် စာလုံးရေ ၃၀၀ မှ ၅၀၀ အတွင်းသာ ဖြစ်ရပါမည်။ စာတမ်းအကျဉ်းတွင် စာတမ်းအမည်၊ စာတမ်းပြုစုသူ(များ)၊ လိပ်စာ၊ ရည်ရွယ်ချက်နှင့် လေ့လာသည့် အကြောင်းအရာ၊ အဓိကရှာဖွေတွေ့ရှိချက်၊ သုတေသနဆိုင်ရာ၊ တိုင်းရင်းဆေးပညာဆိုင်ရာ အရေးကြီးအချက်အလက်နှင့် သုံးသပ်ချက်တို့ ပါဝင်ရပါမည်။ စာတမ်းအကျဉ်းတွင် မိမိ၏ စာတမ်းနှင့် ပတ်သက်သည့် အချက်အလက် အကျဉ်းချုပ် ပါဝင်ရပါမည်။

### ၂။ စာတမ်းအပြည့်အစုံ(Full Paper)

စာတမ်းအပြည့်အစုံကို အောက်ပါအချက်အလက်များနှင့်အညီ ရေးသားပြုစုကြရမည် ဖြစ်ပါသည်။

(က) စာတမ်းခေါင်းစဉ် (Title)

(ခ) စာတမ်းပြုစုသူ(များ)(Authors)

(ဂ) နိဒါန်း (Introduction)

(ဃ) ရည်မှန်းချက်/ရည်ရွယ်ချက်(များ)(Objectives)

(င) အသုံးပြုသည့် ဝတ္ထု၊ ပစ္စည်း၊ လူ၊ ပြုလုပ်ဆောင်ရွက်ပုံနည်းလမ်း (Materials & Methods) လေးနက်သည့် အကျိုးအကြောင်းတင်ပြချက်

(စ) တွေ့ရှိချက်နှင့်ဆွေးနွေးသုံးသပ်ချက်များ (Findings & Discussions)

(ဆ) ကောက်ချက်ဆွဲခြင်း၊ အကြံပြုခြင်း (Conclusion & Suggestion)

(ဇ) ကျေးဇူးတင်လွှာ (Acknowledgement)

(ဈ) ကျမ်းကိုးအညွှန်းများ (References)

စာတမ်းအား စာမျက်နှာတစ်ဖက်တည်း ကွန်ပျူတာဖြင့် ပြုစုရပါမည်။ မိမိ၏ စာတမ်းအကျဉ်းနှင့် စာတမ်းအပြည့်အစုံကို ကွန်ပျူတာဖြင့်ရိုက်နှိပ်ရာတွင် Microsoft Word Document Format ကို အသုံးပြု၍ အင်္ဂလိပ်ဘာသာကို Times New Roman, Font Size 12 ဖြင့်လည်းကောင်း၊ မြန်မာဘာသာကို Pyidaungsu, Font Size 13 ဖြင့်လည်းကောင်း၊ Line Spacing 1.5 ဖြင့် စာစီပြီး ကွန်ပျူတာစာမူ Hard Copy (၂)စုံကို ပေးပို့ရပါမည်။ စာတမ်းရွေးချယ်ခြင်းခံရပါက Microsoft Office, Power Point Format ကို အသုံးပြု၍ ရှင်းလင်းတင်ပြထားသော Power Point Presentation များကို မိမိအစီအစဉ်ဖြင့် ပြုစုရပါမည်။

စာတမ်းအပြည့်အစုံသည် စာလုံးရေ ၃၅၀၀ မှ ၄၀၀၀ အတွင်းသာ (ကွန်ပျူတာဖြင့် စာမျက်နှာ ရှက်ရေ ၄ မျက်နှာ မှ ၅ မျက်နှာ အတွင်းသာ) ဖြစ်ရပါမည်။

ပိုစတာတင်သွင်းသူများအနေဖြင့် ပိုစတာဆိုဒ်အား အလျား ၆ ပေ၊ အနံ ၄ ပေ ဖြင့် တင်သွင်းရမည်။ ကွန်ပျူတာစာမူ Hard Copy (၂)စုံကို ပေးပို့ရပါမည်။

**၃။ စာတမ်းရှင်၏ ကိုယ်ရေးအချက်အလက်**

စာတမ်းရှင်၏ ကိုယ်ရေးအချက်အလက်များကို သီးခြားစာရွက်ဖြင့် ရေးသားပေးပို့ရပါမည်။ (အမည်၊ ရာထူး၊ ဌာန၊ အလုပ်အကိုင်၊ ပညာအရည်အချင်းနှင့် ရရှိသောဘွဲ့(များ)၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်၊ email address)